Making a complaint about our schools

# ကျွန်ုပ်တို့ကျောင်း အကြောင်း တိုင်ကြားခြင်း

ကျွန်ုပ်တို့က တိုင်ကြားမှုများကို အမြန်ဆုံး ဖြေရှင်းပေးရန် ဆန္ဒရှိသည်။ ထို့ကြောင့် သင်၏ စိုးရိမ်မှုများကို အမြန်ဆုံးသိခွင့်ရလျှင် အကောင်းဆုံးဖြစ်သည်။

အချို့ကိစ္စများအတွက် ကျောင်းအုပ်ကြီးနှင့် စကားပြောလျှင် ပိုအဆင်ပြေသည်။ အကယ်၍ မည်သူ့ကို တိုင်ကြားမည်ကို မသေချာပါက သင့်ကလေး၏ ဆရာ သို့မဟုတ် ကျောင်း၏ ရုံးဝန်ထမ်းက မှန်ကန်စွာ ဆက်သွယ်နိုင်ရန် အချက်အလက်များ ပေးနိုင်သည်။

## ပြဿနာများအကြောင်းပြောခြင်းသည် ထိုပြဿနာများကို စတင်ဖြေရှင်းရန် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

သင့်ကလေး၏ ဆရာ၊ ကျောင်း၏ ရုံးဝန်ထမ်း၊ သို့မဟုတ် အထက်တန်းကျောင်းဆိုပါက အတန်း၏ အကြံပေးနှင့် စတင်ဆက်သွယ်ပါ။ လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးဖြင့်ဖြစ်စေ၊ ဖုန်းဆက်၍ ဖြစ်စေ သို့မဟုတ် သင်နှစ်သက်ပါက စာဖြင့်ဖြစ်စေ သင်၏ တိုင်ကြားချက်ကို ပေးပို့နိုင်ပါသည်။ ဆရာဖြင့်တွေ့ရန် အချိန်ယူပါ သို့မဟုတ် ကျောင်းသို့ဖုန်းဆက်၍ ရက်ချိန်း တောင်းဆိုပါ။

## တခါတရံ တိုင်ကြားချက်ကို စာဖြင့်ရေးရန် ကျွန်ုပ်တို့က တောင်းဆိုနိုင်ပါသည်။ အသေးစိတ် အချက်အလက်များ ဖော်ပြပြီး ထိုတိုင်ကြားချက်၏ ရလဒ်အဖြစ် သင်ဖြစ်စေချင်သည့် အရာကို ဖော်ပြပေး စေလိုပါသည်။

တိုင်ကြားချက်ကို စာဖြင့်ရေးရန် ကျွန်ုပ်တို့က ကူညီနိုင်ပါသည်။ တိုင်ကြားချက်ပုံစံ သို့မဟုတ် Feedback Assist widget ကိုလည်း အသုံးပြု နိုင်ပါသည်။ နှစ်ခုလုံး ပညာရေးဌာန ဝက်ဘ်ဆိုဒ်တွင် ရှိပါသည်။ ဆရာနှင့် တွေ့ရန် အချိန်တောင်းပါ သို့မဟုတ် ကျောင်းကို ဖုန်းဆက်၍ ရက်ချိန်း တောင်းဆိုပါ။

အများအားဖြင့် ရုံးဝန်ထမ်းက တိုင်ကြားမှုကို သူတို့ထံ တိုက်ရိုက်ပြုလုပ်ရန် စီစဉ်နိုင်ပါသည်။ အချို့တိုင်ကြားမှုများအတွက် ကျောင်းအုပ် သို့မဟုတ် အလုပ်ခွင်မန်နေဂျာ၏ ပတ်သက်မှု လိုအပ်ပါသည်။

တိုင်ကြားချက်ကို စီမံခန့်ခွဲသူက စိုးရိမ်မှုများကို စနစ်တကျ အကဲဖြတ်ရန် လိုအပ်သော သတင်း အချက်အလက်ကို စုဆောင်း၍ အကောင်းဆုံး ဆောင်ရွက်နိုင်ရန် ဆုံးဖြတ်လိမ့်မည်။ တိုင်ကြားမှု မန်နေဂျာက သင့်ကို မဆက်သွယ်မီ စုံစမ်းမှုများ ပြုလုပ်လိမ့်မည်။

တိုင်ကြားမှုကို တုံ့ပြန်ရာတွင် အောက်ပါ တစ်ခုခုကို ကျွန်ုပ်တို့က ဆောင်ရွက်ပေး နိုင်သည်။

- ပြဿနာကို ဖြေရှင်းရန် အရေးယူ ဆောင်ရွက်ခြင်း သို့မဟုတ် အခြေအနေကို တိုးတက်စေခြင်း
- တောင်းပန်ခြင်း
- ရှင်းလင်းတင်ပြခြင်း
- အခြေအနေကို ပိုမိုကောင်းမွန်စေမည် သို့မဟုတ် နည်းလမ်းပြောင်းလဲ၍ ကိုင်တွယ်မည်ဟု ဝန်ခံ အသိအမှတ်ပြုခြင်း
- သင့်တိုင်ကြားမှု၏ ရလဒ်အနေဖြင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း

တခါတရံ ဖြစ်ပျက်ခဲ့သမျှကို ပြောင်းလဲရန် တတ်နိုင်မည်မဟုတ်ပါ သို့မဟုတ် တိုင်ကြားမှု မန်နေဂျာက မူလဆုံးဖြတ်ချက်က အဆိုပါ အခြေအနေ အတွက် သင့်တော်ကြောင်း ဆုံးဖြတ်နိုင် ပါသည်။ မည်သည့် ရလဒ်ထွက်သည်ဖြစ်စေ တိုင်ကြားမှုမန်နေဂျာက သူတို့၏ ဆုံးဖြတ်ချက် အတွက် သင့်ကို ရှင်းလင်းသော အကြောင်းပြချက်များ ပေးလိမ့်မည်။ အစည်းအဝေးတွင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ၊ အီးမေးဖြင့် ဖြစ်စေ အကြောင်းပြန် လိမ့်မည်။

ရလဒ်ကို မကျေနပ်ပါက တိုင်ကြားမှု မန်နေဂျာကို ပြဿနာများအကြောင်းနှင့် သင့်စိုးရိမ်မှုများ ဖော်ပြရန် စကားပြောနိုင်သည်။

သင်က မကျေနပ်သေးပဲ တိုင်ကြားမှု၏ ရလဒ်က မမှန်ကန် သို့မဟုတ် တိုင်ကြားမှုကို ကိုင်တွယ်သော ဖြစ်စဉ်က မမျှတကြောင်း ယုံကြည်ပါက ပြန်လည်သုံးသပ်ရန် တောင်းဆို နိုင်သည်။ တောင်းဆိုချက်ကို မူလ တိုင်ကြားမှု မန်နေဂျာ သို့မဟုတ် သူတို့၏ တာဝန်ခံကို ဦးတည်သင့်သည်။

ပြန်လည်သုံးသပ်ချက်ကို တိုင်ကြားခံရသူ မဟုတ်သူ၊ တိုင်ကြားမှုကို စီမံခန့်ခွဲရာတွင် မပါဝင်ခဲ့သူက ပြုလုပ်လိမ့်မည်။

တိုင်ကြားမှုများအား ပြင်ပမှ ပြန်လည် သုံးသပ်ခြင်းကို NSW Ombudsman ကဲ့သို့သော အဖွဲ့အစည်းက ပြုလုပ်နိုင်သည်။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ပိုမိုသိရှိလိုလျှင် သင့်ကျောင်းမှ ကျောင်းအုပ်ကြီးထံ ဖုန်းခေါ်ဆိုပါ။ စုံစမ်းမှုအတွက် စကားပြန်လိုအပ်လျှင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု 131 450 သို့ ခေါ်ဆိုပြီး သင်၏ ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းဝန်ဆောင်မှုပေးသူထံ သင်ခေါ်ဆိုလိုသောဖုန်းနံပါတ်ကို ပြောပါ၊ စကားပြန်နှင့် ဖုန်းဖြင့် စကားပြောဆိုနိုင်ရန် ဖုန်းဝန်ဆောင်မှုပေးသူက ကူညီပါလိမ့်မည်။ ဤဝန်ဆောင်မှု အတွက် အခကြေးငွေပေးရန်မလိုပါ။